
ဘာသာပြန် စာရေးဆရာ - ညီညီစိုး
အဆုံးမဲ့ ဓားကမ္ဘာ
(ယန်ယဲ့)
(Chapter 2718-2732)
စာစဉ်-၁၈၂

# အပိုင်း ၂၇၁၈
# နားလည်ဆင်ခြင်ပါ

*

ဤအတောအတွင်း တျန်းရှု သည် မျက်လုံးစုံမှိတ်ထားလျက် တင်ပျဉ်ခွေထိုင်နေခဲ့သည်။

ထိုအတိုင်းပင်၊ အချိန်အတော်ကြာမှ မျက်လုံးပြန်ဖွင့်လိုက်ကာ ယန်ယဲ့ကို စိုက်ကြည့်ပြီး "ငါနဲ့လိုက်ခဲ့"

ထို့နောက် မူလစေတီထဲမှ ပြန်ထွက်သွားခဲ့သည်။

ယန်ယဲ့ သည် ခဏတုံ့ဆိုင်းသွားပြီး အပြင်ထွက်လာလိုက်သည်။

တောင်ထိပ်ပေါ်တွင်...

တျန်းရှု သည် တောင်ထိပ်အစွန်းသို့လျှောက်သွားပြီး ကောင်းကင်ကို မော့ကြည့်ကာ "နင့်ရှေ့မှာလမ်းနှစ်ကြောင်းရှိတယ်။ ပထမတစ်ခု ငါနင့်ကို ထာဝရနယ်စပ်ကနေ အဝေးကို ပို့ပေးလိုက်မယ်။ နင် Limitbreaker Realm ကို မတက်မချင်း ဒီနေရာကို ဘယ်တော့မှ ခြေမချရဘူး။ နောက်ဆုံးတစ်ခုက နှင်းပွင့်ကို စွန့်လွှတ်လိုက်တာ"

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး "ဘာလို့လဲ"

တျန်းရှု က "နှင်းပွင့်လေး အဆင့်တက်နေပြီ" ဟူ၍ တိုးတိုးလေး ပြန်ဖြေလိုက်သည်။

ယန်ယဲ့က အနည်းငယ်အံ့ဩနေပုံပါ။ သူက

"ဒါဆို သူမကို ဘာလို့ စွန့်လွှတ်ရမှာလဲ"

တျန်းရှု က ယန်ယဲ့ကို စိုက်ကြည့်ရင်း "သူမသာ တိုးတက်လာရင် နဂို မဟုတ်တော့ဘူး။ အရမ်းကြောက်စရာကောင်းတဲ့ အဆင့်ကို ရောက်သွားမှာ၊ နင့်မှာ သူ့ကို ကာကွယ်နိုင်စွမ်း မရှိပါဘူး။ ဒါမှမဟုတ် ပိုတိတိကျကျ ပြောရရင် သူမ အဆင်ပြေနေလိမ့်မယ်၊ ဒါပေမဲ့ နင်တော့မဟုတ်ဘူး"

ယန်ယဲ့ က လေးနက်တည်ကြည်စွာပြောလိုက်သည် "ဒါက အရမ်း လေးနက်နေပြီလား"

တျန်းရှု က "ဒါက လုံးဝကိုလေးနက်တယ်လို့ပြောနိုင်တယ်။ နင်က လောကသုံးပါးကနေ အခုမှထွက်လာတာဆိုတော့ ဝိညာဉ်ဖန်ဆင်းရှင် ဆိုတာ ဘာလဲမသိသလို ဘယ်လောက်ထူးခြားမှန်းလဲမသိနိုင်ဘူး။ အရိုးရှင်းဆုံးပြောရရင် ဝိညာဉ်ဖန်ဆင်းရှင် ဖြစ်လာမယ့် ဝိညာဉ်အင်ပါယာက မရေမတွက်နိုင်တဲ့ ကျင့်ကြံသူတွေကို ရူးသွပ်သွားစေနိုင်တယ်။ ငါတောင်မှ အဲဒီ ပညာရှင်တွေကို တားလို့မရဘူး"

ယန်ယဲ့၏မျက်နှာက ချက်ချင်းပင် တင်းမာလာသည်။

ဤအခိုက်အတန့်တွင် အခြေအနေ မည်မျှဆိုးရွားသည်ကို သူ သဘောပေါက်သွားခဲ့သည်။

တျန်းရှု က ယန်ယဲ့ထံ လျှောက်သွားပြီး "နင့်ရဲ့ လက်ရှိ ခွန်အားနဲ့ သူမကို အကာအကွယ် မပေးနိုင်ဘူး"

သူမက ကောင်းကင်ကို မော့ကြည့်ကာ "ငါသာ နင့်နေရာမှာဆိုရင် သူ့ကို စွန့်လွှတ်မိနိုင်တယ်။ ဘာ့ကြောင့်လဲဆိုတော့ နင်ထွက်ပြေးရင်တောင် တစ်သက်လုံးပြေးနေရလိမ့်မယ်။ နင့်ရဲ့ကျင့်ကြံမှုအဆင့် တိုးတက်လာလေ လေ ရှေ့ဆက်ရမလွယ်လေပဲ..."

ယန်ယဲ့ က ခါးသက်သက် ရယ်မောလိုက်ပြီး "တျန်းရှူ၊ ငါ သူမကို စွန့်လွှတ်မယ်လို့ မင်းထင်နေတာလား"

တျန်းရှူ လည်း တိတ်ဆိတ်သွားသည်။

ယန်ယဲ့ က ဘာမှမထူးခြားဘဲ ဆက်ပြောသည် "နှင်းပွင့်လေး အပါအဝင် ငါ့အနားကဘယ်သူ့ကိုမှ ဘယ်တော့မှမစွန့်လွှတ်နိုင်ပါဘူး"

တျန်းရှူ က စကားမပြောတော့ဘဲ သူမ၏မျက်လုံးများကို ဖြည်းညှင်းစွာ မှိတ်လိုက်သည်။

သူမကိုယ်တိုင်လည်း ယန်ယဲ့နှင့် နှင်းပွင့်လေးတို့ကြားက သံယောဇဉ်ကို ကောင်းကောင်းသတိပြုမိပါသည်။ ယန်ယဲ့အတွက် နှင်းပွင့်ကို စွန့်လွှတ်ရန် မဖြစ်နိုင်ပေ။ သို့သော် ထိုအတိုင်းသာဆိုပါကအကျိုးဆက်ဟာ ဆိုးရွားလှသည်။

ထွက်ပြေးခိုင်းရမလား...

စကြာဝဠာသည် အကန့်အသတ်မရှိ ကျယ်ပြန့်လေရာ အကောင်းဆုံး ရွေးချယ်မှုတစ်ခုဖြစ်နိုင်ပါသည်။ သို့သော် ယန်ယဲ့က နှင်းပွင့်ကို မစွန့်လွှတ်သောကြောင့် ဘယ်နေရာရောက်ရောက် ထွက်ပြေးနေရပေမည်။

အချိန်တော်တော်ကြာမှ တျန်းရှူ က မျက်လုံးပြန်ဖွင့်ကာ "နင်ဘာလုပ်ဖို့ စီစဉ်ထားလဲ" ဟုမေးလိုက်သည်။

ငါဘာလုပ်သင့်လဲ ...။

ယန်ယဲ့ သည် အချိန်အတော်ကြာ ထိတ်လန့်သွားသော်လည်း ရုတ်တရက် ရယ်မောလိုက်ပါတော့သည်။ ထို့နောက် အေးစက်စက်အကြည့်ဖြင့် ကောင်းကင်ကိုမော့ကြည့်လိုက်ပြီး တဟားဟားရယ်မောနေလေသည်။ ယန်ယဲ့က "တျန်းရှူ၊ ငါက သန်မာချင်တယ်၊ မင်းထက်တောင် ပိုသန်မာချင်

တယ်။ အနှောင်အဖွဲ့ကင်းမဲ့သူ ထက်တောင် ပိုပြီးတော့သန်မာချင်တယ်။ ငါ့နာမည်ကိုကြားရင် စကြာဝဠာတစ်သောင်းလုံး တုန်လှုပ်သွားစေချင်တယ်၊ ဒီလောကမှာ ဘယ်သူမှ ငါ့ကို ပစ်မှတ်ထားဖို့ မစဉ်းစားရဲတော့တဲ့အထိ၊ ငါ့နာမည်ကိုကြားတာနဲ့ သူတို့ရဲ့နှလုံးသားတွေကို တုန်လှုပ်သွားစေချင်တယ်"

ဤအချိန်တွင် သူက တျန်းရှူကို လှည့်ကြည့်ကာ "ငါက အနိုင်ယူချင်နေတာ၊ တကယ့်ကို ပြိုင်ဖက်မရှိတော့တဲ့အထိ အနိုင်ယူချင်တာ"

"သန်မာချင်တယ်… "

ယန်ယဲ့ဟာ နောက်ဆုံးတွင် တစ်စုံတစ်ခုကို ကောင်းကောင်းကြီးနားလည်သွားခဲ့သည်။ မိမိစိတ်တိုင်းကျ နေထိုင်လိုပါက ဘယ်တော့မှ ရှေ့ဆက်မတိုးနိုင်တော့ပေ။ သူသာ အထွတ်အထိပ်မှာ ရပ်တည်နေလျှင် သူကိုယ်တိုင် အပါအဝင် သူ့အနားရှိ ဘယ်သူမှ ပစ်မှတ်ထားခံရမည်မဟုတ်ပါ။

ဘုန်း…

ယန်ယဲ့ထံမှ ပြင်းထန်သောစိတ်ဆန္ဒဖိအားလှိုင်းကြီး ရုတ်တရက် ထွက်ပေါ်လာသည်။

"ဓားစိတ်ဆန္ဒ…. "

ဖိအားက ထူးထူးခြားခြားကို ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။ ဒီအချိန်မှာ အထက်ကောင်းကင် တစ်ခုလုံးက ပင်လယ်ရေပြင်ကဲ့သို့ လှိုင်းထလာသည်။

ထို့အပြင် သူ၏ဓားစိတ်ဆန္ဒက ထူးခြားစွာ ဆင့်ကဲပြောင်းလဲသွားပုံရသည်။

ဓားစိတ်ဆန္ဒဖိအားဟာ ပတ်ဝန်းကျင်ကို အချိန်တော်တော်ကြာအောင် ဖိနှိပ်ထားပြီးမှ ယန်ယဲ့၏ခန္ဓာကိုယ်ထဲသို့ ပြန်ဝင်လာသည်။

ယန်ယဲ့ သည် အံ့အားသင့်သွားပြီး တျန်းရှုကို စိုက်ကြည့်နေသည်။ တျန်းရှုက သူ့ပခုံးကို အသာအယာ ပုတ်လိုက်ပြီး "နောက်ဆုံးတော့ သူ နင့်ကို ဘာ့ကြောင့် ဒီလောက်တောင် အထင်ကြီးနေတာလဲ ငါသိလိုက်ပြီ"

ယန်ယဲ့ က အံ့သြသွားပြီး "သူ လား"

"တိမ်ဖြူဝတ်ဓားသမား..." တျန်းရှုက အသံတိုးတိုးဖြင့်ပြောလိုက်သည် "ဓား ကလွဲလို့ အရာအားလုံးကို စွန့်လွှတ်ထားတဲ့အတွက် စိတ်ခံစားမှုမရှိတဲ့ ဓားတာအို(နှောင်ကြိုးမဲ့ဓားတာအို)က ဖိအားဟာ အရမ်းကြောက်စရာကောင်းတယ်။ သူ့နှလုံးသားက ဓားနဲ့ပဲ သက်ဆိုင်တယ်၊ သူ့ကမ္ဘာမှာ ဓားပဲရှိတယ်။ ဒါဟာ စိတ်ခံစားမှုရဲ့ဓားတာအို (နှောင်ကြိုးဖွဲ့ဓားတာအို) ထက် အများကြီးပိုလွယ်တဲ့လမ်းပါ။ နှောင်ကြိုးဖွဲ့ဓားတာအို က နင့်ကို သေခြင်းရှင်ခြင်းတွေ တွေ့ကြုံခံစားရဖို့လိုအပ်တယ်။ နင်ကိုယ်တိုင်က အရာအားလုံးကို တွေ့ကြုံခံစားရလိမ့်မယ်။ စိတ်ခံစားမှုလမ်းကြောင်းမှာ အရာခပ်သိမ်းနဲ့ အရာခပ်သိမ်းရဲ့ နိယာမတွေ ပါဝင်တယ်။ ဒါ့ကြောင့် ဒီလမ်းကို အဆုံးထိ ဆက်လျှောက်ဖို့ဆိုတာ မလွယ်လှဘူး။ ဒါပေမယ်လို့ စိတ်ခံစားမှုကင်းမဲ့တဲ့လမ်းကြောင်း (နှောင်ကြိုးမဲ့တာအို)... စိတ်ခံစားမှုကင်းမဲ့နေတဲ့သူတစ်ယောက်ဟာ ကြောက်စရာမဟုတ်ပေမယ့် လူတစ်ယောက်မှာ စိတ်ခံစားမှုရှိနေရင် ဒါဟာ အရှုပ်ပါးဆုံးအရည်အသွေးပဲ"

ဤအချိန်တွင် သူမက ဖြည်းညှင်းစွာ ထိုင်ချလိုက်ပြီး "ခံစားတတ်တဲ့နှလုံးသား။ သားသမီးတွေနဲ့အတူ အတိတ်တစ်ချိန်တုန်းက ဝေဒနာခံစားခဲ့ရတဲ့ အသက်ကြီးသူတွေ ဘယ်လောက်များများ ရှိလို့လဲ။ တိုးတက်မယ့်ဘဝအတွက် အဟောင်းကို အမြဲစွန့်ပစ်ကြတယ်။ သူတို့ရဲ့ကိုယ်ပိုင်အကျိုးစီးပွားနဲ့ ထာဝရရှင်သန်ဖို့အတွက် သူတို့ချစ်ရသူတွေကိုတောင် သတ်ပစ်ဖို့ ဆန္ဒရှိနေကြတာ ဘယ်လောက်များလိုက်သလဲ"

ယန်ယဲ့ သည်လည်း ငြိမ်သက်သွားသည်။

တျန်းရှု က ဆက်ပြောခဲ့သည် "နင့်ရဲ့ဓားစိတ်ဆန္ဒက ဘာ့ကြောင့် ဒီလို ပြောင်းလဲသွားတာလဲ သိလား"

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

တျန်းရှု က နူးညံ့သိမ်မွေ့သော မျက်လုံးများဖြင့် ယန်ယဲ့ကို စိုက်ကြည့်ကာ "နင်ပြောခဲ့တဲ့ စကားတွေဟာ နှလုံးသားထဲကလာတဲ့အမှန်တရားတွေဖြစ် နေလို့ပဲ။ မရှုံးနိမ့်ချင်ဘူး၊ နင်ကိုယ်တိုင်က ဘယ်တော့မှ မရှုံးနိုင်တဲ့လူဖြစ် ချင်တယ်၊ အဲဒါရဲ့အကြောင်းရင်းက နင်နဲ့အနားကသူတွေကို ကာကွယ်ပေး ချင်တာကြောင့်ပါ။ သူတို့ကို နင့်ရဲ့နှလုံးသားထဲမှာ အမြဲလိုလို ဦးစားပေး ထားတယ်။ ဂုဏ်ယူပါတယ်၊ နင့်ရဲ့ ဓားတာအိုလမ်းစဉ်က နောက်ဆုံးတော့ လမ်းကြောင်းမှန်ပေါ်ရောက်သွားပြီ။ ဓားသမားတွေဟာ တကယ်တော့ နှလုံးသားကိုကျင့်ကြံတာပါ။ စိတ်နှလုံးသားထဲမှာ ပြောင်းလဲလာတာနဲ့အမျှ ဓားတာအို လည်းအတူတူပဲ"

ယန်ယဲ့ က "ငါ့ဓားစိတ်ဆန္ဒက မူလတာအိုအဆင့် ကို မရောက်ခဲ့ဘူး"

"နင်မှားတယ်" တျန်းရှု က ခေါင်းယမ်းကာ ပြောလိုက်သည် "ဒါဟာ အပြင်မှာ အလေလိုက်နေတဲ့သားတစ်ယောက် အိမ်ကို ပြန်လာတာနဲ့တူ တယ်။ အဲဒီအချိန်မှာ သူ့အတွက် ကြီးကြီးမားမားပြောင်းလဲဖို့ဆိုတာ လုံးလုံး မဖြစ်နိုင်သေးဘူးလေ။ ဒါပေမဲ့ သူ့နှလုံးသားက ပြောင်းလဲသွားတယ်။ နှလုံးသားက ပြောင်းလဲသွားတဲ့အခါ သူ့ရဲ့အနာဂတ်လမ်းကြောင်းက ပြောင်းလဲသွားတယ်။ နင့်ရဲ့ဓားဟာ တစ်ချိန်တုန်းက ခုခံကာကွယ်ရုံပဲ။ ဒါ ဟာ သာမန်ထက် နည်းနည်းလေးပိုသာတာအဲရှိတယ်။ အခုတော့ နင်က အနန္တတန်ခိုးရှင် ဖြစ်ချင်နေတယ်။ သတိမထားမိဘူးလား။ တကယ်တော့ နင်သတိမထားလို့ပါ၊ နင့်ရဲ့ဓားစိတ်ဆန္ဒက ကြောက်စရာကောင်းတဲ့ဖိနှိပ်မှု

စွမ်းအားကို

ရခဲ့တယ်"

ဤအချိန်တွင် သူမက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီးနောက် "ဘယ်တော့မှ မယိုင်မလဲဘဲ ခိုင်ခံ့တဲ့ နှလုံးသားဆိုတဲ့အတိုင်း..." ဟု တိုးတိုးလေးပြောလိုက်ပါသည်။

ဤအတောအတွင်း ယန်ယဲ့သည် သူ၏ဓားစိတ်ဆန္ဒကို ချက်ချင်းထုတ်ဖော်လိုက်သည်။ ထိုအခါ ပတ်ဝန်းကျင်ရှိ အာကာသသည် နောက်တစ်ကြိမ် ပြင်းထန်စွာ တုန်ခါသွားတော့သည်။

သို့သော် သူသည် ဘာမှမလုပ်ရသေးပေ၊ ဓားစိတ်ဆန္ဒ က အလိုအလျောက်ဖိနှိပ်နေတာပါ။

"ငါ့နောက်ကိုလိုက်ခဲ့..." တျန်းရှူက ရုတ်တရက်ပြောလိုက်ပြီး ကောင်းကင်ထက်သို့ လွင့်မျောသွားသည်။ သိပ်ပြီးမကြာလိုက်ပေ၊ အဆုံးမဲ့ကြယ်တာရာကောင်းကင်ထဲသို့ ရောက်လာခဲ့သည်။

ယန်ယဲ့က တွန့်ဆုတ်မနေဘဲ နောက်ကနေလိုက်လာခဲ့ပါသည်။

ခဏအကြာတွင် သူတို့နှစ်ယောက်ဟာ အဆုံးအစမဲ့သော ကြယ်တာရာများကြား ရပ်နေကြသည်။

တျန်းရှူ က ယန်ယဲ့ကို လှည့်ကြည့်လိုက်ပြီး "တာအိုအဆင့် က စစ်မှန်တဲ့တာအို လိုပါတယ်၊ ဓားစိတ်ဆန္ဒလည်း အတူတူပါပဲ။ နင့်ရဲ့ဓားစိတ်ဆန္ဒက ဘာ့ကြောင့် မမှန်ကန်တာလဲ။ အခု စိတ်အေးအေးထားပြီး စဉ်းစားပါ။ နင့်ကို ဘယ်သူမှနှောက်ယှက်မှာ မဟုတ်ဘူးလို့ ငါအာမခံတယ်"

စဉ်းစားတွေးခေါ်ခြင်းသည် နားလည်ဆင်ခြင်ခြင်းပါ။

တျန်းရှူက ယန်ယဲ့၏ချို့ယွင်းချက်များကို ကောင်းစွာသိရှိနေပုံရသည်။

ယန်ယဲ့သည် ကျင့်ကြံခြင်းလမ်းစဉ်တစ်လျှောက်လုံးမှာ အရာရာတိုင်းကို သတ်ဖြတ်ခြင်းနဲ့သာဖြေရှင်းခဲ့သည်။ သူ့အတွက် အဆိုးကြီးမဟုတ်သော်လည်း ကျင့်ကြံခြင်းဟာ တိုက်ခိုက်သတ်ဖြတ်ခြင်းမျှသာ မဟုတ်ပေ။ စာအုပ်ပေါင်း (၁၀၀၀) ဖတ်နေသည်ထက် လက်တွေ့အဖြစ်အပျက်က ပိုကောင်းပါသည်။ သို့သော်လည်း လူတစ်ယောက်ဟာ စာအုပ်တစ်အုပ်ကိုပင် မဖတ်ပါက အတွေ့အကြုံများပြားနေသည့်တိုင် စာမတတ်ပေမတတ်သာ ဖြစ်နေပေသည်။

အတွေ့အကြုံ လိုအပ်သော်လည်း စာဖတ်ခြင်းသည်လည်း အရေးကြီးပါသည်။

တျန်းရှု၏စိတ်ထဲ၌ ယန်ယဲ့အား ထိုသဘောတရားကို နားလည်စေချင်ခဲ့သည်။

"စိတ်အေးအေးထားပြီး ကိုယ်ပိုင်တာအိုကို နားလည်ဆင်ခြင်ပါ။ လောကရဲ့အရာခပ်သိမ်းကို နားလည်ဆင်ခြင်ပါ...."

အတိတ်တွင် ယန်ယဲ့ သည် အလွန်အလုပ်များနေခဲ့ရာ သူ့ကိုယ်ပိုင်တာအိုကိုနားလည်ဆင်ခြင်ရန် အချိန်မရှိခဲ့ပေ။ လက်ရှိမှာတော့ တျန်းရှုက သူ့အနားမှာရှိနေသဖြင့် အချိန်အတိုင်းအတာတစ်ခုထိ တာအိုကို နားလည်ဆင်ခြင်နိုင်ပါပြီ။

တျန်းရှု က "နင့်ခန္ဓာကိုယ်ထဲက အရမ်းပြင်းထန်တဲ့ စိတ်ဆန္ဒတစ်ခုကို ငါခံစားမိတယ်။ အဲဒါက မူလတာအိုအဆင့် အရှူးဆန္ဒပဲဖြစ်ရမယ်။ ဘာ့ကြောင့် နားလည်နိုင်ခဲ့တာလဲသိလား။ မူလတာအိုအဆင့် ကိုတောင်ရောက်ခွင့်ပေးလိုက်သေးတယ်၊ တကယ်တော့ နင့်ရဲ့အမုန်းတရားက အမှန်ပဲ၊ မင်းရဲ့ ရူးသွပ်မှုက အမှန်ပဲ။ ဒါဟာ ဘာနဲ့တူလဲဆိုတော် ရေခဲတစ်တုံးလိုပါပဲ၊ အနှစ်သာရက ဘာလဲ။ ရေ။ ရေက ရေခဲတုံးရဲ့ ပုံစံအမှန်လေ။

နားလည်လား"

ယန်ယဲ့က ဘာမှပြန်မပြောဘဲ သူ့မျက်လုံးကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။

ဤအချိန်တွင် နွားနတ်ဆိုး၊ ဝမ်အရှုးမလေး နှင့် ဓားစာလိပ် တို့သုံးယောက် ပေါ်လာကြသည်။

တျန်းရှုက သူတို့သုံးယောက်ကို အပြင်ခေါ်လိုက်တာပါ။

တျန်းရှုက သူတို့သုံးယောက်ကို တစ်ချက်ကြည့်လိုက်သည်။ အဆုံးတွင် သူမ၏အကြည့်များက ဝမ်အရှုးမလေး အပေါ်သို့ ကျဆင်းသွားပြီးနောက် အနည်းငယ်မျက်မှောင်ကြုတ်လိုက်သည်။

ဝမ်အရှုးမလေးက တျန်းရှုကို စိုက်ကြည့်နေရင်း "အစ်မကြီးလား...ညီမလေး..."ဟု တိုးတိုးလေးပြောသည် ။

တျန်းရှု က ဝမ်အရှုးမလေးကို တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ကာ "နှင်းပွင့်နဲ့ တစ်နေ့လုံး ကစားတာကို ရပ်လိုက်ပြီး များများ လေ့ကျင့်ပါ။ နင့်ရဲ့သွေးမျိုးဆက်ကို တတ်နိုင်သမျှ အမြန်ဆုံးနိုးထလာအောင် ကြိုးစားပါ"

ဝမ်အရှုးမလေးက တျန်းရှုကို ကြောက်နေပုံပါ။ သူမက "ကောင်းပြီ" ဟု ချက်ချင်း ခေါင်းညိတ်လိုက်သည်။

ထို့နောက် တျန်းရှုက ဓားစာလိပ်ကို စိုက်ကြည့်နေသည်။ သို့သော် ဘာစကားမှတော့မပြောပေ။

ခဏကြာမှသာ တျန်းရှုက ရုတ်တရက်မေးလိုက်သည် "သူမကြောင့်လား"

ဓားစာလိပ် က ခဏမျှ တုံ့ဆိုင်းသွားပြီး "လုံးဝ မဟုတ်ဘူး။ သူကိုယ်တိုင်လည်းမဆိုးဘူးမဟုတ်လား"

တျန်းရှု၏ တင်းမာနေသောမျက်နှာက အနည်းငယ် ပြေလျော့သွားကာ

"သူက တော်တော် ခေါင်းမာတဲ့သူပါ၊ နင်သူ့ကို စိတ်မပျက်စေနဲ့"

ဓားစာလိပ် က တျန်းရှု ကို ကြည့်လိုက်ပြီး စကားတစ်ခွန်းမှ မပြောပေ။

ဤအချိန်တွင် တျန်းရှုက နှင်းပွင့်လေး၏ခါးမှာ ချိတ်ဆွဲထားသော ဘူးသီးနက်ကို စိုက်ကြည့်နေသည်။ နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး ဘူးသီးနက်ကိုဖြုတ်ယူကာ တျန်းရှု ကိုပေးလိုက်သည်။

တျန်းရှု က ဘူးသီးနက်ကို ဆုပ်ကိုင်ခါနီးတွင် ပြင်းထန်စွာ တုန်လှုပ်ကာ ဘေးဖက်သို့ ရှောင်ထွက်သွားသည်။

သို့သော်လည်း တျန်းရှု က ဆတ်ခနဲဖမ်းကိုင်လိုက်သည်။ ထို့နောက် ဘူးသီးနက်ကို စူးစိုက်ကြည့်ပြီး "နင်က သူ့အတွက် တော်တော်ကောင်းတဲ့ နတ်ရတနာပဲ။ ကံမကောင်းစွာပဲ၊ အရမ်းမောက်မာလွန်းတယ်။ နင်ကံကောင်းတယ်၊ သူ့ဒေါသက ငါ့လောက်မဆိုးဘူး။ ငါသာဆိုရင် နင့်ကို တစ်ခါတည်း အပိုင်းပိုင်းခွဲမိလိမ့်မယ်"

ထိုစကားပြောပြီးသည်နှင့် ဘူးသီးနက်ကို သာမန်အတိုင်း ပစ်ထုတ်လိုက်လေသည်။

တစ်ချိန်တည်းမှာပဲ တျန်းရှု က နေရာမှာပင် ပျောက်ကွယ်သွားသည်။

မူလစေတီ၏ သတ္တမမြောက်အထပ်...

ဗလာဖြစ်နေသော အခန်းတစ်ခုထဲ၌ ပုဆိန်တစ်လက်ဟာ တိတ်တဆိတ် လွင့်မျောနေခဲ့သည်။

တျန်းရှု က ပုဆိန်ကို တစ်ချက်ကြည့်လိုက်ပြီး "နင် လွတ်သွားတာကြာပြီ၊ ဒါတောင် ဒီမှာဆက်ပြီးနေနေတာ။ ဘာ့ကြောင့်လဲ၊ သူက နင့်ကို သူနဲ့အတူ ဆွဲချမယ်လို့ ထင်လား။ ဒါမှမဟုတ် နင့်ရဲ့ပစ်မှတ်က နှင်းပွင့်လေး ဖြစ်ကောင်းဖြစ်နိုင်သလို နောက်ဆုံးမှာ အခြေအနေတွေကို အခွင့်ကောင်းယူဖို့

စီစဉ်ထားသလား"

ပုဆိန်က ဘာမှမတုံ့ပြန်ဘဲ တိတ်ဆိတ်နေ၏။

တျန်းရှု က လက်သုံးချောင်းကို မြှောက်လိုက်ပြီး "ငါ့ရဲ့ နောက်ဆုံး လက်ချောင်း ကွေးသွားလို့မှ အဖြေကောင်းကောင်း မရသေးဘူးဆိုရင် နင့်ကို ဒီမှာ ထာဝရနေခိုင်းလိုက်မယ်"

ဘမ်း…

သတ္တမမြောက်အထပ် တစ်ခုလုံး တုန်လှုပ်သွားသည်။

ဤနေရာတွင် ကြောက်မက်ဖွယ်ကောင်းလှသော ဖိအားလှိုင်းတစ်ခု ပေါ်လာသည်။

တျန်းရှု၏မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားကာ "စမ်းကြည့်လိုက်လေ။ နင့်ရဲ့စိတ်ဝိညာဉ်ကို ဆုတ်ဖြဲပြီးတော့ ပုဆိန်တစ်လက်လုံး အပိုင်းပိုင်းဖြစ်အောင် ချိုးဖွဲ့ပေးလိုက်မယ်"

***